# ကယ်တင်ခြင်းသင်ခန်းစာများ

## (တရားသူကြီး)

ဘုရားသခင်ကိုယုံကြည်နိုင်ရန် ဘုရားသခင်၏အမြင်အတိုင်း မြင်ဖို့လိုသည်ဟုသိခဲ့ကြပြီ။ ဘုရားသခင်၏အမြင်သာလျှင်မှန်၍ လူ၏အမြင်သည်မှားသည်ဟု သိခဲ့ကြရပြီ။ အဘယ့်ကြောင့်လူ့အမြင်သည်မှား၍ဘုရားသခင်၏အမြင်သည်မှန်သည်ဟု ဆိုနိုင်သနည်း။

အပြစ်သားများကိုတရားစီရင်သူ၊ ပြစ်ဒဏ်ပေးသူသည် တရားသူကြီးဖြစ်သည်။ ထို့ကြောင့်တရားသူကြီး၏အမြင်သာလျှင်အရေးကြီးသည်။ အပြစ်သားသည်ကိုယ့်ကိုယ်ကိုမည်မျှပင်အပြစ်ကင်း၍ဩတပ္ပစိတ်ကြည်လင်စေကာမူ တရားသူကြီးကအပြစ်ရှိသည်ဟုမြင်လျှင် ပြစ်ဒဏ်ခံရမည်သာဖြစ်သည်။

ထိုနည်းတူ တလောကလုံးရှိလူသားများကို တရားစီရင်မည့်သူသည် ထာဝရဘုရားဖြစ်သည်။ ကျမ်းစာ၌ "ထာဝရဘုရားသည်ငါတို့၏တရားသူကြီးဖြစ်တော်မူ၏" ဟုဆိုထားသည်။ (ဟေရှာ ၃၃း၂၂) ထို့ကြောင့်ထာဝရဘုရား၏အမြင်အဆုံးအဖြတ်သာလျှင် အတည်ဖြစ်၍ အရေးကြီးသည်။ မိတ်ဆွေ၏အမြင်သည် အရေးမကြီးချေ။

**<u>ဖန်ဆင်းသောကြောင့်။</u>**

တရားသူကြီးသည် အာဏာရအစိုးရကခန့်အပ်ထားသည်။ သို့ဖြစ်လျှင် ထာဝရဘုရားကို အဘယ်သူကတရားသူကြီးအဖြစ် ခန့်အပ်ထားသနည်း။ ထာဝရဘုရားကို တရားသူကြီး၌ခန့်အပ်သောသူသည် သူကိုယ်တိုင်ပင်ဖြစ်သည်။ အကြောင်းမှာ ထာဝရဘုရားထက်ကြီးမြတ်သောသူမရှိ။ မိဘသည်သားသမီးများအပေါ်၌ဆုံးမသွန်သင်နိုင်သကဲ့သို့ ထာဝရဘုရားလည်း သူဖန်ဆင်းထားသောလူသားများအပေါ်၌ တရားစီရင်နိုင်သောအခွင့်ရှိပါသည်။

**<u>မသိသော်လည်း။</u>**

မိတ်ဆွေသည် တရားသူကြီးအဖွဲ့ကိုမသိသော်လည်း အပြစ်ကျူးလွန်မိပါက သူတို့နှင့်ရင်ဆိုင်ရမှာဖြစ်သည်။ ထိုနည်းတူ မိတ်ဆွေအနေဖြင့်တရားသူကြီးဖြစ်သော ထာဝရဘုရားကိုမသိသော်လည်း၊ ဂရုမစိုက်သော်လည်း တနေ့ကျလျှင်ဘုရားသခင်၏တရားစီရင်ခြင်းကို ခံရမည်သာဖြစ်သည်။ ကျမ်းစာက-

တဖန်တုံပလ္လင်ဖြူကြီးကိုင်း ပလ္လင်ပေါ်မှာထိုင်တော်မူနေသောသူကိုင်း၊ ငါမြင်၏ ကောင်းကင်နှင့်မြေကြီးသည်မျက်နှာတော်မှပြေးလွင့်၍ သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတပါးသောစာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏(ဗျာ ၂၀း၁၁-၁၂)။

အထက်ပါတရားစီရင်ခြင်းသည် နောက်ဆုံးသောအချိန်၌ဖြစ်သည်။ ကမ္ဘာလည်းတုန်၍ လူများအားလုံးလည်းသေပြီးမှဖြစ်မည်။ တရားစီရင်ခြင်းခံရမည့်သူများသည် သေလွန်သောသူများဖြစ်သည်။ လူထင်မှတ်တတ်သည်မှာ လူသည်သေလျှင်ပြသနာကင်း၍ အေးချမ်းမည်ဟုထင်တတ်သည်။ သို့သော်အထက်ပါကျမ်းစာက သေလွန်သူများကိုတရားစီရင်ခြင်းအကြောင်းအား ဖော်ပြထားသည်။ ထို့အပြင်-

"လူသည်တခါတည်းသေ၍ ထိုနောက်မှတရားစီရင်ခြင်းကိုခံရသကဲ့သို့ . . ." (ဟေဗြဲ ၉-၂၇)ထို့ကြောင့်လူသည်သေလွန်သွားသော်လည်း တရားစီရင်ခြင်းကိုခံရဦးမည်သာဖြစ်သောကြောင့် ကြိုတင်သိရှိပြင်ထားဖို့လိုသည်။

**<u>မယုံသော်လည်း။</u>**

မိတ်ဆွေအနေဖြင့်ထာဝရဘုရားကိုမိတ်ဆွေ၏အပြစ်စီရင်မည့်တရားသူကြီးအနေဖြင့် မယုံကြည်ဘဲဖြစ်ကောင်းဖြစ်မည်။ သို့သော်မိတ်ဆွေ၏မယုံကြည်ခြင်းဖြင့်ထာဝရဘုရားသည် တရားသူကြီးအဖြစ်မှလျှောကျသွားမည်မဟုတ်ပါ။

နောဧလက်ထက်၌လည်း ထာဝရဘုရားသည်မြေကြီးကိုရေဖြင့်လွှမ်းမိုးခြင်းအားဖြင့် တရားစီရင်မည့်အရာကို နောဧအားဖြင့်သတိပေးသော်လည်း ထိုခေတ်ကလူများသည် မယုံကြည်ကြ။ သို့သော်သူတို့မယုံကြည်ခြင်းဖြင့် တရားစီရင်ခြင်းကို မတားဆီးနိုင်ကြ။ ထိုမယုံကြည်သူများသည် ရေလွှမ်းမိုးခြင်းအားဖြင့် သေကြေပျက်စီးရကြသည်။ (၁ ပေ၃း၁၉-၂၀)

ဗာဗုလုန်နိုင်ငံကိုအုပ်စိုးခဲ့သော နေဗုခ်နေဇာမင်းကြီးသည် သူ့ကိုယ်သူချီးမြှောက်၍ ဝါကြွားသောအခါ ဘုရားသခင်၏တရားစီရင်ခြင်းကိုခံခဲ့ရသည်။ လူစင်စစ်မှတိရစ္ဆာန်စိတ်ဝင်ကာ လူစုထဲက နှင်ထုတ်ခြင်း ခံရသည်။ ကောင်းကင်မှအသံက "အမြင့်ဆုံးသော ဘုရားသည်လောကီနိုင်ငံကိုအုပ်စိုး၍ ပေးလိုသောသူတို့အား ပေးတော်မူသည်ကို မင်းကြီးမသိမမှတ်မီ ကာလခုနစ်နှစ်ပတ်လုံး နွားကဲ့သို့မြက်စားရမည် ဟုဆို၏။" (ဒံ ၄း၃၂)

နေဗုခ်နေဇာမင်းကြီးသည် ဘုရားသခင်စီရင်သည့်အတိုင်း တိရစ္ဆာန်ကဲ့သို့ခုနစ်နှစ်ဖြစ်ပြီးနောက် "အမြင့်ဆုံးသောဘုရားကိုကောင်းကြီးပေး၍၊ ထာဝရအသက်ရှင်တော်မူသော ဘုရားကိုချီးမွမ်းထောမနာပြု၏။ အာဏာတော်သည် ထာဝရအာဏာဖြစ်၏။ နိုင်ငံတော်သည်ကမ္ဘာအဆက်ဆက်တည်၏။ မြေကြီးသားအပေါင်းတို့သည် ရှေ့တော်၌ အဘယ်မျှမဟုတ်သကဲ့သို့ ဖြစ်ကြ၏။ ကောင်းကင်ဗိုလ်ခြေတို့၌၄င်း၊ မြေကြီးသားတို့၌၄င်း အလိုတော်ရှိသည့်အတိုင်း စီရင်ပြုပြင်တော်မူ၏။ လက်တော်ကိုအဘယ်သူမျှမတားဆီးနိုင် အဘယ်သို့ပြုသနည်းဟု ကိုယ်တော်ကိုဆိုနိုင်သောသူမရှိ" ဟု ဘုရားသခင်၏တန်ခိုးနှင့်အာဏာတော်ကိုဝန်ခံသွားခဲ့ပါသည် (ဒံ ၄း၃၄-၃၅)။

နေဗုခ်နေဇာသည် ထာဝရဘုရားကိုယုံကြည်သူမဟုတ်၊ သို့သော်လည်း ဘုရားသခင်၏တရားစီရင် ခြင်းသည် သူကဲ့သို့သောရှင်ဘုရင်အပေါ်၌လည်း သက်ရောက်၍ မငြင်းဆိုနိုင်ခဲ့ချေ။ သို့ဖြစ်လျှင်မိတ်ဆွေနှင့် ကျွန်ုပ်သည် အဘယ်ကြောင့်ဘုရားသခင်၏တန်ခိုးနှင့်အာဏာတော်ကို ငြင်းဆိုတော်လှန်နိုင်မည်နည်း။

## ဘုရားသခင်အပြစ်မတင်မှုသာ။

ထာဝရဘုရားသည် တလောကလုံး၏ဘုရားဖြစ်ကြောင်းကိုသိရှိခဲ့ရပြီ။ ထို့ကြောင့်ထာဝရဘုရား၏ အပြစ်တင်ခြင်းမခံမှသာလျှင် သက်သာရာရကြမှာဖြစ်သည်။

ကျမ်းစာက-

"ထာဝရဘုရားအပြစ်တင်တော်မူခြင်းနှင့်လွတ်၍ လှည့်စားတတ်သောစိတ်သဘောနှင့် ကင်းစင်သောသူသည် မင်္ဂလာရှိ၏" ဟုဆိုထားသည် (ဆာ၃၂း၂)။

ထို့ကြောင့် မိတ်ဆွေအပါအဝင် လူသားအားလုံးသည် မိမိအမြင်၊ အကြံအားလုံးကိုစွန့်လွှတ်၍ ထာဝရဘုရားသခင်၏အမြင်အတိုင်းမြင်ဖို့၊ စီရင်တော်မူချက်များကို သိရှိလက်ခံဖို့လိုသည်။

**ဇေဝံဂေလိဆရာတဦး**